ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

မြိုင်သာယာကျေးရွာ၊ ညောင်ပိုင်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

## မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ........................................................................................................................ 2

၂။ညောင်ပိုင်းကျေးရွာအုပ်စုမြေပုံ.................................................................................................................... 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း....................................................... 3

၄။ကျေးရွာအခြေခံအချက်အလက်များ ................................................................................................................ 5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်.................... 6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ... 7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ......................19

၈။ ကျေးရွာကော်မတီဝင်များစာရင်း.......................................................................................................20


၉။ပုံစံ-၁။ကျေးရွာအချက်အလက်................................................................................................... 21

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .....................................................................................24


၁၁။အစည်းအဝေးမှတ်တမ်းများ ...................................................................................................................... 27

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..................................................31

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
သုံးခွသို့
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ညောင်ပိုင်းကျေးရွာ အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ညောင်ပိုင်းကျေးရွာ

၂။ မြိုင်သာယာကျေးရွာ

၃။ရှမ်းစုကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ညောင်ပိုင်းကျေးရွာအုပ်စု မြိုင်သာယာကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၏ မြောက်ဘက်၊ ကျောက်တန်း-သန်လျင် လမ်းမကြီး၏ ဘေးဘက်တွင်တည်ရှိသည်။ ကျောက်တန်းမြို့မှ (၅) မိုင်ခန့်အကွာတွင်တည်ရှိသည်။ (၁၉၉၃) ခုနှစ်တွင် တမံဦးကျေးရွာ၊ ဘန်ဘွေးကုန်းကျေးရွာနှင့် အလတ်ရွာ ကျေးရွာတို့ကို ပေါင်း၍ မြိုင်သာယာကျေးရွာဟု ခေါ်ဆိုခဲ့ကြသည်။ ရွာ၏မြောက်ဘက်တွင် သန်လျင်မြို့၊

အရှေ့ဘက်တွင် ကန်ပြောင်ကျေးရွာ၊ တောင်ဘက်တွင် ညောင်ပိုင်းကျေးရွာနှင့် အနောက်ဘက်တွင် ရှမ်းစုကျေးရွာတို့ရှိသည်။ လယ်လုပ်ငန်းကို အနည်းငယ် လုပ်ကိုင်ကြသည်။ လက်လုပ်လက်စား အလုပ်သမားများသာ များပြားပြီး မပြေလည်သူများပြားသည်။

သီလဂါဖွံ့ဖြိုးရေးဖုန် စီမံကိန်းအကောင်ဖော်ဆောင်ရွက်ရာတွင် ထိုဒေသမှ မြိုင်သာယာကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကြရာမှ လူဦးရေ များပြားသော ကျေးရွာကြီးတစ်ရွာ ဖြစ်လာသည်။ ထိစပ်နေသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ များပြားပြီး၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ အနည်းငယ်ရှိသည်။ ကားလမ်းမကြီး၏ ဘေးဘက်တွင်တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးအနေနဲ့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂၈ | ၄၈ | ၅၇ | ၁၀၅ |
| ကရင် | ၂ | ၂ | ၃ | ၅ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၆၃ | ၂၁၂ | ၂၆၈ | ၄၈၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | - |
| မသန်စွမ်း | ၂၅ | ၁၃ | ၁၂ | ၂၅ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက်သေး | |
| ပဲ | ဝက် | | |
| | ဆိတ် | | |
| | ဘဲ | | |
| | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှု | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကာ | စက်ရေတွ |
|---|---|---|---|---|---|---|

| | | | | | | |
|---|---|---|---|---|---|---|
| မျိုး | မ | မ | | | န် | င်း |
| အရေအတွက် | ၁၀၉၀ ဧက | ၉၉ | | | ၂ | ၆၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | ဆည် | ရေတွင်း |
| အရေအတွက် | ၂၀ | ၁၅ | - | ၅ | ၁ | ၂၃၀ |
| | | | | | | |

**၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၀ | ၂၀ | ၂၀ | - | ၂၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၉၀ | ၁၅၀ | ၇၀ | ၃၅၀ | ၅ |


၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၅-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ကျေး ရွာလူထု | ၂၅ | ၁၀ | ၃၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၂၅-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ကျေး ရွာလူထု။ | ၂၅ | ၁၀ | ၃၅ | ကျေးရွာ၏ လူမှုအခြေအနေကို သုံးသပ်နိုင်ရန်။ |
| ၃ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၅-၂-၂၀၁၇ | ကျေးရွာလူထု၊ကျေးရွာ ရပ်မိရပ်ဖ၊ စေတနာ့ဝန်ထမ်း | ၂၂ | ၈ | ၃၀ | အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်ပုံတို့ကို လေ့လာနိုင်ရန်။ |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန်း | ၂၅-၂-၂၀၁၇ | ကျေးရွာလူထု၊ရပ်မိရပ်ဖ၊စေတနာ့ဝန်ထမ်း | ၂၂ | ၈ | ၃၀ | ကျေးရွာ၏ ရာသီချိန်အလိုက် အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု အခြေအနေတို့ကို သိရှိနိုင်ရန်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၂၈-၂-၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၂ | ၈ | ၃၀ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ဗင်းပုံစံ သုံးသပ်ချက် | ၂၈-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာလူထု | ၂၂ | ၈ | ၃၀ | အဖွဲ့အစည်းများသည် ကျေးရွာအတွင်း မည်သို့ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိစေရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




## သုံးသပ်ချက်

ညောင်ပိုင်းကျေးရွာအုပ်စု မြိုင်သာယာကျေးရွာသည် အိမ်ထောင်စု (၁၃၈၃)စု ရှိပါသည်။ မြိုင်သာယာကျေးရွာတွင် ရပ်ကွက်သဖွယ် မြိုင်(၁,၂,၃,၄)ဟူ၍ အပိုင်းကြီး(၄)ပိုင်း ရှိသည်။ ကျေးရွာတွင် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းတော်များ၊ သီလရှင်ကျောင်းများ၊ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဆည်၊ လယ်ကွက်များ၊ စာသင်ကျောင်း၊ မူကြိုကျောင်း၊ ထရန်စဖော်မာများ စသည်တို့ ရှိသည်။ စာသင်ကျောင်းသည် ယခင် အလယ်တန်းအဆင့်မှ ယခု အထက်တန်းကျောင်းခွဲအဆင့်အထိ တိုးတက်လာခဲ့သည်။ စပါးကို နွေစပါး၊ မိုးစပါးဟူ၍ နှစ်မျိုး စိုက်ပျိုးသည်။ ရွာသူရွာသားအများစုမှာ ရွာတွင်းတွင်သာ နေထိုင်ကြသည်။

ဆက်သွယ်ရေးလမ်းများကောင်းမွန်သော်လည်း ရွာတွင်းလမ်း အများစုမှာ မြေသားလမ်းများ ဖြစ်သောကြောင့် မိုးရာသီချိန်တွင် သွားလာရန် ခက်ခဲသည်။ လက်လုပ်လက်စားပေါ်များသောကြောင့် မပြေလည်သူများ အလွန်များပြားသည်။ ရွာတွင်းလမ်းများပြုပြင်ခြင်းအားဖြင့် သွားလာရန် လွယ်ကူပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို အဆင်ပြေလာနိုင်သည်။

## ၂။ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် ။





## သုံးသပ်ချက်

မြိုင်သာယာကျေးရွာတွင် ပြေလည်သူ၊ အလည်အလတ်ပြေလည်သူ၊ အသင့်အတင့်ပြေလည်သူ၊ လက်လုပ်လက်စားဟူ၍ လူမှုအဆင့်(၄) ဆင့်ရှိသည်ဟု ရွာသူရွာသားများက သတ်မှတ်ကြသည်။ ပြေလည်သောအဆင့်မှာ အိမ်ထောင်စု(၁၉၅) စုသာ ရှိပြီး ပိုင်ဆိုင်မှုများမှာ တိုက်တာအိုးအိမ်၊ ကား၊ ခြံမြေ၊ လုပ်ငန်းရှင်၊ စပါးရိတ်သိမ်းချွေစက် စသည်တို့ရှိပြီး ရာခိုင်နှုန်းအားဖြင့်(၁၅)%သာ ရှိပါသည်။ အလယ်အလတ်အဆင့်တွင် (၂၆၀) အိမ်ထောင်စုနှင့် ရာခိုင်နှုန်းအနေဖြင့် (၂၀)% ရှိသည်။ ပိုင်ဆိုင်မှုများမှာ ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုး၊ လယ်ပိုင်မြေပိုင်၊ ထွန်စက်၊ ထော်လာဂျီ စသည်တို့ ရှိကြသည်။ အသင့်အတင့်ပြေလည်သော မိသားစု များမှာ (၃၂၅)စု ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၂၅)%ရှိသည်။ ပိုင်ဆိုင်မှုများမှာ သွပ်မိုး၊ ထရံကာ၊ မော်တော်ဆိုင်ကယ်၊ ပျဉ်ခင်းအိမ် စသည်တို့ ရှိသည်။ လက်လုပ်လက်စား မိသားစုများမှာ ဓနိမိုး၊ ထရံကာ၊ ဂါးခင်း၊ မြေပိုင်မရှိ၊ ကျပန်းအလုပ်သမားများသာဖြစ်ကြပြီး အိမ်ထောင်စု (၅၂၃)စု၊(၄၀)%ထိ မပြေလည်သောသူများ ရှိသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ပညာအရည်အချင်းနည်းပါးရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။





**သုံးသပ်ချက်**


**အရင်းအမြစ်သုံးစွဲမှု**

ကျေးရွာ၏အရင်းအမြစ်များဖြစ်သော ဆိုင်ကယ်၊ ဘောလုံး၊ ခြင်းလုံး၊ ထော်လာဂျီ၊ သုံးလီးဆိုင်ကယ်၊ ဆည်၊ အားကစားကွင်းတို့ကို အမျိုးသားများသာ အသုံးပြုကြသည်။ အပ်ချုပ်စက်၊ ဈေးဆိုင်၊ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းတို့ကို  အမျိုးသမီးများက လုပ်ကိုင်အသုံးပြုကြသည်။ ရေတွင်းရေကန်၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ လျှပ်စစ်မီး၊ လယ်ယာမြေ၊ ကား၊ စေတီပုထိုးများ၊ စက်ဘီး၊ကလေးကစားကွင်း၊ စာကြည့်တိုက်၊ မူကြိုကျောင်းတို့ကို အမျိုးသား အမျိုးသမီး အတူတကွ အသုံးပြုကြသည်။ ဘဲ၊ ဂက်၊ ကြက် စသည်တို့ကို တစ်နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် မွေးမြူသည်။

**အရင်းအမြစ်ထိန်းချုပ်မှု**

ကျေးရွာ၏အရင်းအမြစ်များဖြစ်သော ကား၊ လျှပ်စစ်မီး၊ စေတီပုထိုး၊ စက်ဘီး၊ စာကြည့်တိုက်၊ ဆိုင်ကယ်၊ ဘောလုံးခြင်းလုံး၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ဆည်၊ အားကစားကွင်း၊ အပ်ချုပ်စက် စသည်တို့ကို အမျိုးသားများက ထိန်းချုပ်ကြသည်။ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းကို အမျိုးသမီးများက ကိုယ်တိုင်ထိန်းချုပ်လုပ်ကိုင်ကြသည်။ လမ်း၊ ရေတွင်းရေကန်၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ လယ်ယာမြေ၊ ကလေးအားကစားကွင်း စသည်တို့ကိုမူ အမျိုးသားနှင့် အမျိုးသမီးများ အတူယှဉ်တွဲ ပူးပေါင်းထိန်းချုပ် လုပ်ကိုင်ကြသည်။

**၄။ရာသီခွင်ပြ ပြက္ခဒိန်**




**သုံးသပ်ချက်**

**လယ်ယာလုပ်ငန်း** စပါးကို နယုန်လမှ စတင်စိုက်ပျိုး၍ တော်သလင်းလနှင့် သီတင်းကျွတ်လများတွင် စပါးရိတ်သိမ်းသည်။ ပဲဒီစိမ်းကို တန်ဆောင်မုန်းလတွင် စတင်စိုက်ပျိုး၍ တပို့တွဲလတွင် ပဲခူးဆွတ်သည်။

**ပွဲတော်** တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဂါဆိုလတွင် စုပေါင်းဂါဆိုသင်္ကန်းကပ်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်နှင့် သက်ကြီးပူဇော်ပွဲတော်၊ တန်ဆောင်မုန်းလတွင် စုပေါင်းမဟာ ဘုံကထိန်ပွဲတော်၊ ပြာသိုလတွင် ကျေးရွာတရားပွဲတော်နှင့် တပေါင်းလတွင် ပဌာန်းပွဲတော်တို့ နှစ်စဉ် ကျင်းပသည်။


**ကျန်းမာရေး** မြိုင်သာယာကျေးရွာတွင် များသောအားဖြင့် ရာသီကူးပြောင်းချိန် ဂါဆို၊ ဂါခေါင်လနှင့် သီတင်းကျွတ်လတို့တွင် ကျန်းမာရေး မကောင်းမှုများ ကြုံရတတ်သည်။

**ဂင်ငွေ** မြိုင်သာယာကျေးရွာတွင် စပါးပေါ်ချိန် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင်နှင့် ပဲရောင်းချိန် တပို့တွဲလတို့တွင် ဂင်ငွေရရှိမှုကောင်းသော်လည်း ကျန်လများတွင် အသင့်အတင့်သာ ရှိသည်။

**အားလပ်ချိန်** အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် မြိုင်သာယာကျေးရွာတွင် လုပ်ငန်းအားလပ်ချိန် အတင့်အသင့်ရှိသည်။

**မွေးမြူရေး** ဂက်၊ ဆိတ်၊ ကြက်၊ ဘဲ၊ နွားတို့ကို တစ်နှစ်ပတ်လုံး တနိုင်တပိုင် မွေးမြူကြသည်။

## ၅။ပင့်ကူအိမ်သုံးသပ်ခြင်း




### သုံးသပ်ချက်

**ဦးဆောင်နိုင်မှု** အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ကြည့်သော် ဦးဆောင်နိုင်မှုတွင် များစွာလိုအပ်ချက်များရှိသည်ကို တွေ့ရပါသည်။

**လုံခြုံမှု** အမျိုးသမီးများသည် အားနွဲ့သူများဟု သတ်မှတ်ထားခြင်းကြောင့် လုံခြုံမှု အားနည်းသည်ဟု သုံးသပ်မိပါသည်။

**အိမ်မှုကိစ္စ** အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် အချိန်ပြည့်လုပ်ကိုင်နေရသည်ကို တွေ့ရှိရပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း** သီလဂါစက်မှုဇုန်နှင့် အထည်ချုပ်စက်ရုံများ ပေါ်များလာခြင်းကြောင့် အမျိုးသမီးများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ထိုက်သင့်သလောက် ရရှိလာကြသည်။

**သာရေးနာရေး** အမျိုးသမီးများသည် သာရေးနာရေး ကိစ္စများတွင် အမျိုးသားများထက် ပိုမိုပူးပေါင်းပါဝင်လုပ်ကိုင်နေကြသည်ကိုတွေ့ရှိရပါသည်။


**ဘာသာရေး** မြိုင်သာယာကျေးရွာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် ဘာသာရေးဆိုင်ရာကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအားကောင်းသည်။

**ပညာရေး** အမျိုးသမီးများသည် ပညာရေးတွင် အမျိုးသားများနည်းတူ ပညာသင်ကြားခွင့် မရရှိကြောင်း တွေ့ရပါသည်။

**ဆုံးဖြတ်ပိုင်ခွင့်** အရေးကြီးကိစ္စများဆုံးဖြတ်ချက် ချရာတွင် အမျိုးသားများကသာ ရှေးရိုးစွဲ အစဉ်အလာအရ အမျိုးသမီးများထက် သာလွန်နေသည်ကို တွေ့ရသည်။

**ဦးဆောင်နိုင်မှု** ဦးဆောင်နိုင်မှုတွင်လည်း အမျိုးသားများကသာ အနည်းငယ်သာလွန်နေကြောင်းတွေ့ရှိရပါသည်။

**ဗင်းပုံစံ သုံးသပ်ချက်။**



**သုံးသပ်ချက်**

မြိုင်သာယာကျေးရွာတွင် ကျေးရွာရပ်မိရပ်ဖအဖွဲ့၊ ဂေယျာဝစ္စအဖွဲ့၊ လူမှုအထောက်အကူအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာ၏သာရေးနာရေးဆိုင်ရာ ကိစ္စအဝဝတို့တွင် ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ စာကြည့်တိုက်အဖွဲ့သည် ကျေးရွာလူထု၏ အသိပညာဗဟုသုတများ တိုးတက်ရေးတွင်အဓိက ပံ့ပိုးနေသည်ကို တွေ့ရသည်။ ပတ်(စ်)အဖွဲ့၊ ကျေးလက်ကျန်းမာရေး၊ အရန်မီးသတ်တပ်ဖွဲ့

တို့သည် ကျေးရွာကို ဆိုင်ရာကဏ္ဍများမှ ကူညီပံ့ပိုးနေသည်ကို တွေ့ရသည်။ အမျိုးသမီးရေးရာအဖွဲ့သည် ကျေးရွာအမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ရေးဆိုင်ရာ ကဏ္ဍတွင် ကူညီပံ့ပိုးနေသည်ကို တွေ့ရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများတွင် ရွာလူထုနှင့် ထူးထူးလည်လည် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်ဦးစီးဌာန၊ ရဲစခန်း၊ မြို့နယ်ကျန်းမာရေးအဖွဲ့၊ စိုက်ဘဏ်၊ မြို့နယ်အရံမီးသတ်တပ်ဖွဲ့တို့နှင့် ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေသည်။ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ယုံကြည်ချက်များနှင့် ဆန္ဒများကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ထုတ်ပေးလိုကြောင်း ပြောကြားခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂၅.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မှီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် | √ | | |

| | | | | |
|---|---|---|---|---|
| | ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



**အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ**



**လူမှုဆန်းစစ်ခြင်း မှတ်တမ်းတင်ဓါတ်ပုံ။**



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ မဆောင်ရွက်မီ မှတ်တမ်းတင်ဓာတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမောင်မောင်အုန်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်အေးအေးမြင့် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးမြဟန် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ |
| ၄ | ဦးဝင်းကြိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ |
| ၅ | ဒေါ်အေးအေးမော် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ |
| ၆ | ဦးမောင်ဝင်း | ကျား | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၇ | ဦးစိုးသန်း | ကျား | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ |
| ၈ | ဒေါ်အေးအေးစိုး | မ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ |
| ၉ | ဦးအောင်မြင့်(၁) | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ |
| ၁၀ | ဦးအောင်မြင့်(၂) | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ |
| ၁၁ | ဒေါ်သန်းသန်းအေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ |
| ၁၂ | ဦးအေးကျော် | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၊ |
| ၁၃ | ဒေါ်သန်းငွေ | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၊ |
| ၁၄ | ဒေါ်စန္ဒာ | မ | ကျေးရွာစာရင်းကိုင်၊ |
| ၁၅ | ဦးလင်းလင်းနိုင် | ကျား | စေတနာ့ဝန်ထမ်း၊ |
| ၁၆ | ဦးမြင့်ရွှေ(၁) | ကျား | စေတနာ့ဝန်ထမ်း၊ |
| ၁၇ | ဦးအောင်အောင် | ကျား | စေတနာ့ဝန်ထမ်း၊ |
| ၁၈ | ဦးမြင့်ရွှေ(၂) | မ | စေတနာ့ဝန်ထမ်း၊ |
| ၁၉ | ဒေါ်သန်းနွဲ့ | မ | စေတနာ့ဝန်ထမ်း၊ |
| ၂၀ | ဒေါ်သိန်းသိန်းလွင် | မ | စေတနာ့ဝန်ထမ်း၊ |
| ၂၁ | ဒေါ်ဝင်းဝင်းသီ | မ | စေတနာ့ဝန်ထမ်း၊ |
| ၂၂ | ဒေါ်ဝေဝေလှိုင် | မ | စေတနာ့ဝန်ထမ်း၊ |

စုစုပေါင်း။ (၂၂) ယောက်ကျား-(၁၁) ယောက် +မ(၁၁) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးမောင်မောင်အုန်း ကျေးရွာအုပ်စုစီထောက်ဥက္ကဌ
၂။ဒေါ်အေးအေးမြင့် အုပ်စုဘဏ္ဍာရေးအဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးတင်သိန်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၂/၃/၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးမင်းဇော် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-5186485 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးရန်နောင်ဝင်း |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ခေဘာဝိုင်း | ကျေးရွာ မြိုင်ဘာယာ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၂၄၇ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၁၂၄၇ |
| လူမျိုးစု (၂) ---အိန္ဒိယ--- | ၂၈ | ဘာသာ (၂) ---ဟိန္ဒူ--- | ၂၈ |
| လူမျိုးစု (၃) ---ကရင်--- | ၁ | ဘာသာ (၃) ---ခရစ်ယာန်--- | ၁ |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၈၀ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၄၅၀ | ၂၆၄၃ |
| လူမျိုးစု (၁)---ဗမာ--- | ၂၄၀၀ | ၂၅၈၃ |
| လူမျိုးစု (၂)---အိန္ဒိယ | ၄၈ | ၅၇ |
| လူမျိုးစု (၃)---ကရင်--- | ၂ | ၃ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၁၅၀ | ၁၅၃ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| **စာသင်ကျောင်း** | အမှတ်ခြစ်ပါ | **ကျန်းမာရေး** | အမှတ်ခြစ်ပါ | **ဘာသာရေး အဆောက်အအုံများ** | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | |  | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) (ကွန်ကရစ်လမ်း) မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း (မြေသားလမ်း) (လူသွားလမ်း) အခြား ______________

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** **ဝိုင်းပါ**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/(မသိပါ)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ

(၂) ---------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးမင်းရော် | | |
| | လက်မှတ် | နေ့စွဲ | ၂၃.၂.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဦးရန်နောင်ဝင်း | | |
| | လက်မှတ် | နေ့စွဲ | ၂၃.၂.၂၀၁၇ |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် [illegible] | | | |
| နေ့စွဲ ၁၂.၃.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☒ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ မြိုင်သာယာ |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုး~~သား~~အဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မြေသားလမ်းအခက်အခဲ ၊ [illegible] | ၁ | မိုးရာသီလမ်းများအခက်အခဲ |
| ၂ | လျှပ်စစ်မီးအခက်အခဲ | ၂ | [illegible]အခက်အခဲ |
| ၃ | သောက်သုံးရေအခက်အခဲ | ၃ | လျှပ်စစ်မီးအခက်အခဲ |
| ၄ | အလယ်တန်းကျောင်း[illegible]အခက်အခဲ | ၄ | သောက်သုံးရေအခက်အခဲ |
| ၅ | [illegible]အခက်အခဲ | ၅ | [illegible]အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုး~~သား~~အဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကွန်ကရစ်လမ်းများ ၊ ရေထွက်မြောင်းများ ဖြစ်ချင် | ၁ | မြိုင်သာယာ အထက်တန်းကျောင်း ဖြစ်ချင် |
| ၂ | လျှပ်စစ်မီးရချင် | ၂ | လမ်းများအားလုံး ကောင်းမွန်စေချင် |
| ၃ | သောက်သုံးရေ ၊ အဝီစိတွင်းများ ဖြစ်ပေါ်စေချင် | ၃ | လျှပ်စစ်မီးရချင် |
| ၄ | [illegible] ဖြစ်ပေါ်လာစေချင် | ၄ | သောက်သုံးရေများ လုံလောက်မှုရှိစေချင် |
| ၅ | [illegible]များ ရရှိလာစေချင် | ၅ | ဈေးရုံများ ဖြစ်ပေါ်လာစေချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | မြိုင်(၃)[illegible]လမ်း | အမျိုးသား + အမျိုးသမီး | ၁၉,၂၀၀,၀၀၀ | ၅၀၂၆ |
| ၂ | မြိုင်(၄) လမ်းမကြီး | " | | ၅၀၂၆ |
| ၃ | မြိုင်(၁) စက်ရေတွင်း | " | | ၅၀၂၆ |
| ၄ | [illegible]ဘုန်းကြီးကျောင်း | " | | ၅၀၂၆ |
| ၅ | မြိုင်(၃) စက်ရေတွင်း ပြုပြင်ရန် | " | | ၅၀၂၆ |

၈။ ရေရှည်စီမံကိန်းနှင့် လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်များအား ဖော်ပြပါ။

| အမှတ်စဉ် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များ | အကျိုးခံစားသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကောင်အထည်ဖော်ရန် ရှိသူ ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ၆ | ရပ်ကွက်(၄) ဗွဲ့လမ်းမ | အမျိုးသား + အမျိုးသမီး | | ၅၀၂၆ |
| ၇ | ရပ်ကွက်(၁) လျှပ်စစ်မီးတိုင် | 〃 | | ၅၀၂၆ |
| ၈ | ရပ်ကွက်(၃) စာသင်ကျောင်း ပြုပြင်ခြင်း | 〃 | | ၅၀၂၆ |
| ၉ | ရပ်ကွက်(၁) ပတ်လမ်း | 〃 | | ၅၀၂၆ |
| ၁၀ | ရပ်ကွက်(၄) ရေမြောင်းအပေါက် (၃) ကြောင်း ပြုပြင်ရန် | 〃 | | ၅၀၂၆ |
| ၁၁ | ရပ်ကွက်(၁) ရေနုတ်မြောင်း တူးဖော်ရန် | 〃 | | ၅၀၂၆ |
| ၁၂ | ရပ်ကွက်(၃) ဘုန်းကြီးကျောင်းလမ်းမကြီး | 〃 | | ၅၀၂၆ |
| ၁၃ | ကိုးနဝင်းလမ်းမကြီး | 〃 | | ၅၀၂၆ |
| ၁၄ | ရပ်ကွက်(၁,၂,၃) မျက်နှာသာလမ်း | 〃 | | ၅၀၂၆ |
| ၁၅ | ရပ်ကွက်(၂) ဦးအုန်းကျော်လမ်း | 〃 | | ၅၀၂၆ |
| ၁၆ | ဓမ္မသုခရီလမ်း | 〃 | | ၅၀၂၆ |
| ၁၇ | အေးဇေတီကျောင်းရှေ့လမ်း | 〃 | | ၅၀၂၆ |
| ၁၈ | ရပ်ကွက်(၄) လျှပ်စစ်မီးတိုင် | 〃 | | ၅၀၂၆ |
| ၁၉ | ရပ်ကွက်(၂) ဗူကြီးလမ်း | 〃 | | ၅၀၂၆ |
| ၂၀ | ရပ်ကွက်(၂) ဝက်ရေတွင်း ပြုပြင်ရန် | 〃 | | ၅၀၂၆ |
| ၂၁ | ရပ်ကွက်(၂) ဒေါ်မာမာဦး လမ်းသွယ် | 〃 | | ၅၀၂၆ |
| ၂၂ | ရပ်ကွက်(၂) လျှပ်စစ်မီးတိုင်ရေရှည်ရေး | 〃 | | ၅၀၂၆ |
| ၂၃ | ရပ်ကွက်(၂) ဦးအောင်အေးလမ်းသွယ် | 〃 | | ၅၀၂၆ |

လူထုစီမံကိန်းနှင့် ဆက်စပ်၍ (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီအစဉ်များအားလုံးဖော်ပြပါ-

| အမှတ် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးခံစားသူ (အမျိုးသားများ / အမျိုးသမီးများ / အမျိုးသား + အမျိုးသမီး) | ရန်ပုံငွေရင်းမြစ် [illegible] | ဆောင်ရွက်မည့်နှစ် မှန်းခြေအတွက် |
|---|---|---|---|---|
| ၂၄ | အုန်းကြီးကျောင်းရှေ့လမ်း | အမျိုးသား + အမျိုးသမီး | | ၂၀၂၆ |
| ၂၅ | ဖြိုင်(၂)မြောက်ဦးအိမ်အေးလမ်းခွဲ | 〃 | | ၂၀၂၆ |
| ၂၆ | ဖြိုင်(၃)ပန်းခြံပတ်လမ်း | 〃 | | ၂၀၂၆ |
| ၂၇ | နာရေးကူညီမှု။ | 〃 | | ၂၀၂၆ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မြောင်း (၂) [illegible] | အမျိုးသား + အမျိုးသမီး | |
| ၂ | [illegible] မြောင်း (၁) | အမျိုးသား + အမျိုးသမီး | |
| ၃ | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်--ဒေါ်စောစောမြင့်-- လက်မှတ်--[illegible]-- နေ့စွဲ--၁၂.၃.၂၀၁၇--

လူထုဗဟိုပြုစီမံကိန်း

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ — မြို့သာယာကျေးရွာ

ကျေးရွာအုပ်စု — ဇေယျာဝိုင်းကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ — မြို့သာယာကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် — ၁၂.၃.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ — ကျေးရွာနှင့်ပတ်သက်၍ ကျေးရွာအတွင်းအခြေအနေ

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၁၀၄)ဦး ၊မ (၁၀၀)ဦး= (၃၀၂) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

အမျိုးသားများနှင့် အမျိုးသမီးများနှင့် အသက်အရွယ်များအား သိရှိစေရန်၊ ကျေးရွာနှင့် ဆောင်ရွက်ချက်များအား သိရှိစေရန်၊ ဦးစားပေးလုပ်ငန်းစဉ်များအား သိရှိစေရန်၊ စီမံကိန်းလုပ်ငန်းစဉ်များအား ဦးဆောင်လုပ်ကိုင်နိုင်မည့် စီမံကိန်းစဉ်ကော်မတီဝင်များ ရွေးကောက်ပေါ်လာရန်.

ဆွေးနွေးချက် ။ ။ ဦးတင်ဝင်းမှ အမျိုးသား၊ အမျိုးသမီးများအား သိမြင်နိုင်စေရန် ရပ်ရွာနှင့် အသက်အရွယ်များ၊ ကျေးရွာအတွက် ဆောင်ရွက်ချက်များကို ဖော်ထုတ်ခဲ့သည်- ရပ်ရွာအသက်အရွယ်များမှ ဆောင်ရွက်ချက်သို့ ရောက်ရှိရန် စီမံကိန်းလုပ်ငန်းစဉ်များဖြင့် သွားမှသာ ရရှိနိုင်မည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်- အမျိုးသား၊ အမျိုးသမီးများနှင့် ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပေါင်းရေးလျှင် အစဉ်လိုက်ဖြင့် ဦးစားပေးသတ်မှတ်ခဲ့သည်-

ဆုံးဖြတ်ချက် ။ ။ ဦးစားပေးရွေးချယ်ရာတွင် (၁) မြိုင (၃) ကိုက်သာဂအရှေ့လမ်း (၂) မြိုင (၄) လမ်းမကြီး (၃) မြိုင (၁) စက်ရေတွင်း (၄) ပြည်တော်အေးဘုန်းကြီးကျောင်းလမ်း (၅) မြိုင (၃) စက်ရေတွင်းပြုပြင်ရန် (၆) မြိုင (၄) ကွန်ကရစ်လမ်း (၇) မြိုင (၁) လျှပ်စစ်မီးတိုင် (၈) မြိုင (၃) စာသင်ကျောင်းပြုပြင်ခြင်း (၉) မြိုင (၁) ဗဟိုလမ်း (၁၀) မြိုင (၄) ရေတွင်းအဟောင်းသုံးတွင်း ပြုပြင်ရန် (၁၁) မြိုင (၁) ရေနုတ်မြောင်းတူးဖော်ရန် (၁၂) မြိုင (၃) မဟာဗန္ဓုလလမ်းမကြီး (၁၃) ဆိုင်းဝင်းလမ်းမကြီး (၁၄) မြိုင (၁၊၂၊၃) မျက်နှာသာလမ်း (၁၅) မြိုင (၂) ဦးဝိုင်းကျော်လမ်း (၁၆) စမ္ဘူသုခ

သဘောတူညီချက်

| | |
|---|---|
| ဆုံးဖြတ်ချက် ။ သဘောတူညီချက် | ။ (၁၉) ဈေးစေတီကျောင်းရှေ့လမ်း (၁၈) မြို့နယ်(၄) ဗျူဟာဝင်းဖိုးတိုင် (၁၉) မြို့နယ်(၂) ဗူဖြိုလမ်း (၂၀) မြို့နယ်(၅) ဆင်ရေတွင်းမြစ်ဝရဲ (၂၁) မြို့နယ်(၂) ဘော်မာအင်းလမ်းသွယ် (၂၂) မြို့နယ်(၂) ဗျူဟာဝင်းဖိုးတိုင်ရဲ့မြေ (၂၃) မြို့နယ်(၂) ဦးအောင်ဘေးလမ်းသွယ် (၂၄) ဘုန်းကြီးကျောင်းရှေ့လမ်း (၂၅) မြို့နယ်(၂) ဘော်မာအင်းကျိုက်ဘေးလမ်းခွဲ (၂၆) မြို့နယ်(၃) ပန်းခြံပတ်လမ်း (၂၇) နေရာတို့တွင် [illegible] များကို [illegible] ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်- |

| | |
|---|---|
| ဆွေးနွေးချက် ။<br>သုံးသပ်ချက်<br>သဘောတူညီချက် | ။ ကျေးရွာတွင် ဦးအေးဝေ လူမှုဖွံ့ဖြိုးရေးအသင်းမှ မိဘမဲ့ကလေးများ ကျေးရွာစီတောက်ဝိုင်း<br>အောင်ထား ရှိရသည်မှာ ဆွေးနွေးလျှ ရှင်းတို့၌ လက်ဝေရွယ်ရေးများ အမျိုးသား<br>အဖွဲ့ (၁) နှစ်ဝိတား ရှိရသည်မှာ ပြောကြားလျှ ကျေးရွာလူထုအား သုံးနှစ်မှ<br>စတင်ပြီးခဲ့ရာ ဦးမောင်မောင်ထွန်း နှင့် ဒေါ်စေ့စေ့မြင့် ကို မိတောက်ဝိုင်း<br>အောင်နှစ်ပေါက်မြင့် မဲပေးရွေးချယ်ခဲ့သည် - စောင့်ကြည့်ကြီးကြပ်<br>ရေးအဖွဲ့ကော်မတီအတွက် ဦးအောင်မြင့် (၁) ဦးအောင်မြင့် (၂) နှင့်<br>ဒေါ်သင်းသင်းအေးတို့ကို မဲပေးရွေးချယ်ခဲ့သည် - ငွေစာရင်းကော်မတီ<br>အတွက် ဦးမြတော် ၊ ဦးဝင်းကြိုင် နှင့် ဒေါ်စေ့စေ့မော်တို့ကို မဲပေးရွေး<br>ချယ်ခဲ့သည် - လုပ်ငန်းဆိုင်ရာဝယ်ယူရေးကော်မတီအတွက် ဦးမောင်ဝင်း<br>ဒေါ်မော်ဦး နှင့် ဦးခိုင်သန်း တို့ကို မဲပေးရွေးချယ်ခဲ့ကြသည် - ဆေးရုံဆောက်<br>မြင့်တင်ရေးအတွက် ဖြေရှင်းရေးအဖွဲ့အတွက် ဦးအေးကျော် နှင့် ဒေါ်သန်းမွေ<br>တို့ကို မဲပေးရွေးချယ်ခဲ့သည် - ကျေးရွာဥက္ကဋ္ဌအတွက် ဒေါ်ဝင်းအေး<br>မဲပေးရွေးချယ်ခဲ့ကြသည် - ကျေးရွာလူထုအား တင်ပြခဲ့သည် ဦးတင်ဝင်း မှ<br>သဘောမဲပေးရွေးချယ်မှုမှာ ကျေးရွာလူထုတွင် အသိအမှတ်ပြုပေး<br>ဖြင့်လျှ ရွေးချယ်ခံသူများကို ယုံကြည်ကြောင်း ဖော်ပြရာ အားလုံးသဘော<br>တူညီမှုဖြင့် ရွေးချယ်ခဲ့သော ကော်မတီဝင်များကို အောင်မြင်၊ ပြောင်မြောက်<br>နှင့် ထိရောက်သော လုပ်ငန်းရေးဆောင်ရွက်မှုများ လက်မှတ်ရေးထိုးပြီး<br>ကျေးရွာသူကျေးရွာသားများ၏ သဘောတူညီမှုဖြင့် အောင်မြင်ခဲ့ပြီး<br>အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည် - |

မှတ်တမ်းတင်သူ

(signature)

ဦးတင်ဝင်း

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ — မြိုင်သာယာကျေးရွာ

ကျေးရွာအုပ်စု — ရေသာစိုင်းကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ — မြိုင်သာယာကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် — ၂၅.၂.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ — ကျေးရွာပထမအကြိမ်မြောက်အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၄၇၅)ဦး ၊မ (၄၀၁ )ဦး= (၈၇၆) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သည်များကို သိရှိစေရန်နှင့် ကျေးရွာအတွက် ဖော်ဆောင်ရမည့်လုပ်ငန်းများ အကြံပေးရန်

ဆွေးနွေးချက်များ ။ ။ ကွင်းဆင်းလိုက်ပါသော ဆရာ ဦးဇော်မိုးလွင်မှ စီမံကိန်းသည် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် များစွာထောက်ပံ့ပေးမည်ဖြစ်၍ ရွာသူရွာသားများ အနေနှင့်လည်း အကြံပေး၍ အစည်းအဝေးသို့ မှန်မှန်တက်ရောက် ပူးပေါင်းပါဝင်ပေးရန် ပြောကြားခဲ့သည်။

ဆွေးနွေးချက် ။ ။ လူထုစည်းရုံးရေးမှူး ဦးတင်ဝင်းမှ ကျေးရွာသူကျေးရွာသားများအား အကျဉ်းချုပ် စီမံကိန်းစတင်ဖြစ်ပေါ်လာပုံနှင့် ရွာသူ၊ ရွာသားများ အားလုံးနှင့်သက်ဆိုင်ကြောင်း အားလုံးပူးပေါင်းပါဝင်မှသာ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် ပူးပေါင်းပေးရန် ပြောကြားခဲ့သည်။

ဆွေးနွေးချက် ။ ။ ဦးတင်ဝင်းမှ စီမံကိန်းဖိတ်ခေါ်ချက် (၁၅) ချက်အား ရှင်းလင်း
ဆုံးဖြတ်ချက် ပြောကြားခဲ့သည်။ စီမံကိန်းစတင်ရန်ကို ရွေးချယ်ခဲ့သည်။ ကော်မတီ
သဘောတူညီချက် ကြီး (၆) ဦး နှင့် အဖွဲ့ဝင် (၁၄) ဦးအား ရွေးချယ်ခဲ့သည်။

| | |
|---|---|
| ဆွေးနွေးချက် ၊ ဆုံးဖြတ်ချက် သဘော | ဆက်လက်၍ ဦးဝင်းနိုင်ထွန်း ကလေးကာကွယ်စောင့်ရှောက်သူများ နှင့် မိဘတို့၏ တာဝန်များအကြောင်း ရှင်းပြခဲ့သည်- ထို့နောက် ရှင်းလင်းပြီးသည်များကို မရှင်းလင်းသေးပါက မေးမြန်းရန်ပြောပါကြောင်း ပြောကြားပြီး ပြောခဲ့ပြီးသည်များအား မေးမြန်းနိုင်ရန် ပြောကြားခဲ့သည်- |
| ဆွေးနွေးချက် ၊ ဆုံးဖြတ်ချက် သဘောတူညီချက် | ဆက်လက်၍ ဦးတင်သိန်းမှ ကျေးရွာစောင့်ရှောက်ရေးကော်မတီ ရွေးချယ်ရမည့်အကြောင်းကို ရှင်းပြခဲ့သည်- အမျိုးသား (၄) ဦး၊ အမျိုးသမီး (၄) ဦး ရွေးချယ်ခဲ့သည်- ဦးလှလှဝင်း၊ ဦးမြင့်ရွှေ (၁)၊ ဦးမြင့်ရွှေ (၂)၊ ဦးအောင်အောင်၊ ဒေါ်သက်ခိုင်၊ ဒေါ်သိန်းသိန်းစု၊ ဒေါ်စောစောဖိုး နှင့် ဒေါ်ဝင်းဝင်းသီ တို့ကို ကျေးရွာစောင့်ရှောက်ရေးကော်မတီအဖြစ် ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့သည်- စောင့်ရှောက်ရေးကော်မတီ ရွေးချယ်ပြီးနောက် ဦးတင်သိန်းမှ ပါဝင်သူ/ပါဝင်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး လူထုဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာဖိတ်ဆက် အစည်းအဝေးအား ကောင်းမြင့်စွာ ရပ်သိမ်းခဲ့ပါသည်- |

မှတ်တမ်းတင်သူ

(လက်မှတ်)

ဦးတင်သိန်း
လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ-၂၅-၂-၂၀၁၇ ကျေးရွာ- မြိုင်သာယာ VDP ရက်စွဲ-
မြို့နယ်-ကျောက်တန်း ကျေးရွာအုပ်စု- ညောင်ပိုင်း

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊